
Burmese | မြန်မာ

# သင်၏အမှိုက်ပုံး အသစ်ကို စသုံးပါ။



## ပုံးသစ်များဖြစ်ကြသော ၂၄၀လီတာ အစားအစာနှင့် ဥယျာဉ်ခြံ ဇီဝမြေဩဇာ အဖုံးစိမ်းအမှိုက်ပုံး၊ မီးဖိုချောင်သုံးအမှိုက်ပုံးသေးတို့ အပြင် တစ်နှစ်စာအတွက် စံနှုန်းပြည့် အမှိုက်ပုံးသေး အတွင်းခံအိတ်များ ရောက်လာပါပြီ။

## အမှိုက်ပုံးသိမ်းရက် မပြောင်းလဲပါ။

အပတ်စဉ် အဖုံးစိမ်း FOGO အမှိုက်ပုံးကို အဖုံးဝါ စွန့်ပစ်ပြန်သုံး အမှိုက်ပုံး သို့မဟုတ် အဖုံးနီ အထွေထွေစွန့်ပစ်အမှိုက်ပုံးနှင့်အတူ လာသိမ်းပါမည်။ စွန့်ပစ်ပြန်သုံးအမှိုက်ပုံးကို နှစ်ပတ်လျှင် တစ်ရက် ဆက်၍ လာသိမ်းမည်ဖြစ်ပြီး အထွေထွေစွန့်ပစ်အမှိုက်ပုံးကို ထိုရက် နောက်တစ်ပတ်ခြားတွင် လာသိမ်းပါမည်။

**အမှိုက်သိမ်းမည့်နေ့တွင် မည်သည့်ပုံးများ ထုတ်ထားရမည်ကို မသေချာဘူးလား။** အမှိုက် သိမ်းမည့်နေ့တွင် မည်သည့်အမှိုက်ပုံးများ ထုတ်ရမည်ကို သိရန် ဤကျူအာကုဒ်ကို စကင်န်ဖတ် ပြီး သင့်လိပ်စာကို ရိုက်ထည့်ပါ။

## ကလေးသေးခံများ

သင့်အမှိုက်ပုံးအတွင်းမှ ကလေးသေးခံအနံ့ကို ကာကွယ်ရန်-

- အဖုံးနီအမှိုက်ပုံးကို အရိပ်အောက်မှာ ထားပါ။
- ကလေးသေးခံကို နှစ်ထပ် ထုတ်ပါ။
- အဖုံးနီအမှိုက်ပုံးထဲသို့ ကလေးသေးခံများ မစွန့်ပစ်မီ သေးခံမှ အဖတ်များကို အိမ်သာခွက်ထဲသို့ စွန့်ပစ်ပါ။
- အနံ့စုတ်အခဲများ သို့မဟုတ် အမှိုက်ပုံးအနံ့ပျောက်ဆေးကဲ့သို့သော အနံ့ဆိုးများဖယ်ရှားသည့်ပစ္စည်းများကို အသုံးပြုပါ။

## ကျွန်တော့်ကို သိမ်းထားပါ!

ဤလက်ကမ်းစာရွက်ကို ရေခဲသေတ္တာ သို့မဟုတ် အလွယ်တကူ ရနိုင်မည့် နေရာတွင် ထားပါ။

## အမှိုက်ပုံးကို အပြင်ထုတ်ခြင်း

အမှိုက်သိမ်းမည့်နေ့မတိုင်မီညတွင် အမှိုက်ပုံးကို အပြင်ထုတ်ပါ။

- အမှိုက်သိမ်းပြီးလျှင် (၂၄ နာရီအတွင်း) ပြန်သိမ်းပါ။
- (သစ်ပင်များ၊ တိုင်များ၊ ဆိုင်းဘုတ်များ) ပိတ်ဆို့မှုများနှင့် ကင်းဝေးရာ ကားလမ်းဘေး အပေါ်တွင် အမှိုက်ပုံးကိုထားပါ။
- အမှိုက်ပုံးများကို အနည်းဆုံး ၁ မီတာအကွာ ခြားထားပါ။
- အမှိုက်ပုံးကို လမ်းဘက်သို့ မျက်နှာမူထားပါ (လက်ကိုင်သည် သင့်အိမ်ဘက်သို့ မျက်နှာမူရမည်)။
- သင့်အမှိုက်ပုံးကို မပြည့်ကျော်ပါစေနှင့် - အဖုံးပိတ်ထားနိုင်ပါစေ။ အများဆုံးအလေးချိန် ၈၀ ကီလိုဂရမ်။

## အပို အကြောင်းအချက်

ကျွန်တော်တို့ ကူညီရန် ရှိနေပါသည်။

FOGO ဝန်ဆောင်မှုအသစ်အကြောင်း၊ မည်သည့်အမှိုက်ပုံးသို့ ထည့်နိုင်သော အမှိုက်များ၊ အမှိုက်ပုံးသေးကို အသုံးပြုရပုံနှင့် ပတ်သက်သောမေးခွန်း တစ်ခုခု ရှိပါက သို့မဟုတ် မေးခွန်း တစ်ခုခု မေးလိုပါက **အောက်ရှိ ကျူအာကုဒ်ကို ဖတ်နိုင်သော စက်ပစ္စည်းတစ်ခုခုဖြင့် စကင်န်ဖတ်ပါ။**

## သို့မဟုတ် ကျွန်တော်တို့ထံ ဆက်သွယ်ပါ-

**အယ်ပိုင်းရှိုင်းယားကောင်စီ**

info@alpineshire.vic.gov.au

၀၃ ၅၇၅၅ ၀၅၅၅

# သင်၏ အမှိုက်ပုံးသစ်ကို သုံး၍ အကောင်းဆုံး လုပ်လိုက်ပါ။

## အိမ်တွင် စွန့်ပစ်ပြန်သုံးခြင်းသည် ပိုကောင်းအောင် ပြောင်းလဲခြင်း ဖြစ်ပါသည်။




ALPINE SHIRE COUNCIL

Sustainability Victoria

VICTORIA State Government

# အစားအစာနှင့် ဥယျာဉ်ခြံ ဇီဝမြေဩဇာများ

## အပတ်စဉ် ဝန်ဆောင်မှု

**အစားအစာ ဇီဝမြေဩဇာများ၊ လက်ခံသည့် အိမ်သုံးပစ္စည်းများနှင့် ဥယျာဉ်ခြံ ဇီဝမြေဩဇာများသာ။ ထုပ်ပိုးပစ္စည်း၊ သားရေကွင်းနှင့် သစ်သီးအပေါ်မှ တံဆိပ်များကို ဖယ်ရှားပါ။**

### လက်ခံသည့် ပစ္စည်းများ

ဤသည်မှာ စာရင်းအပြည့်အစုံ မဟုတ်ပါ။

- ရက်လွန်၊ စားမရနိုင်သော အစားအစာများ
- ကော်ဖီကြိတ်ဖတ်များ၊ လက်ဖက်ရည်ကြမ်းဖတ်များ
- လက်သုတ်စက္ကူ၊ မျက်နှာသုတ် စက္ကူပျော့
- ဒိန်ချဉ် အပါအဝင် နို့ထွက်ပစ္စည်းများ
- အသီးအနှံနှင့် ဟင်းသီးဟင်းရွက် အမှိုက်များ
- အသား၊ ပင်လယ်စာ၊ အရိုး၊ ဥခွံ
- အရွက်များ၊ အပင်များ၊ အကိုင်းအခက်များ၊ မြက်များ၊ ပေါင်းပင်ဆိုးများ






### လက်မခံပါ

ဇီဝဆွေးမြေ့ပျက်စီးနိုင်သော သို့မဟုတ် စံနှုန်းမပြည့်သည့် ဆွေးမြေ့နိုင်သော ပလတ်စတစ်များ အပါအဝင် ပလတ်စတစ်များ၊ ကော်ဖီအနှစ်ဘူးများ၊ ပေါင်းတင်ထားသော သစ်သား၊ အဝတ်အထည်၊ ကလေးသေးခံများ၊ အီးသုတ် အဝတ်စိုများ၊ စွန့်ပစ်ပြန်သုံးပစ္စည်းများ သို့မဟုတ် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ။

**လက်ခံသည့် ပစ္စည်းစာရင်း အပြည့်အစုံအတွက် ကျူအာကုဒ်ကို စကင်န်ဖတ်ပါ။**




# ရောနှော စွန့်ပစ်ပြန်သုံးခြင်း

## နှစ်ပတ်တစ်ကြိမ်ဝန်ဆောင်မှု

**ဤအမှိုက်ပုံးတွင် ထည့်လျှင် ပစ္စည်းများသည် တစ်ခုချင်းဖြစ်ပြီး စားကြွင်းစားကျန် မရှိရပါ။ ပစ္စည်းများကို ပလပ်စတစ်အိတ်ထဲ မထည့်ပါနဲ့။ နေရာမပုတ်ရန် ဘူးခွံများကို အပြားလုပ်ထားပါ။**

### လက်ခံသည့် ပစ္စည်းများ

ဤသည်မှာ စာရင်းအပြည့်အစုံ မဟုတ်ပါ။


- လက်ခံသည့် ပလတ်စတစ်ဘူးများနှင့် ပလတ်စတစ် သေတ္တာများ
- အလူမီနီယံနှင့် သံမဏိဘူးများ၊ စည်သွတ်ဘူးများ၊ သတ္တုပါးစများ
- ဖန်ပုလင်းများနှင့် ဖန်အိုးများ
- ကတ်ထူပြားများ၊ စီရီရယ်ဘူးများ၊ ကြက်ဥပုံးများ
- စက္ကူ၊ သတင်းစာ၊ မဂ္ဂဇင်း၊ စက္ကူစာအိတ်များ




### လက်မခံပါ

ပလပ်စတစ်အိတ်များ၊ အခြားပလတ်စတစ် အပျော့များ၊ အဝတ်အထည်များ၊ ဖိနပ်များ၊ အထည်အလိပ်များ၊ ပလတ်စတစ် အုပ်ထားသော သို့မဟုတ် ဖယောင်း သုတ်ထားသော ကတ်ထူပြားများ၊ အီလက်ထရွန်းနစ် စွန့်ပစ်ပစ္စည်းများနှင့် ဘက်ထရီများ၊ ပန်းကန်ခွက်ယောက်များ၊ ပိုလီစတီရင်း (ဖော့ဘူး)၊ ကော်ဖီခွက်များ သို့မဟုတ် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ

**လက်ခံသည့် ပစ္စည်းစာရင်း အပြည့်အစုံအတွက် ကျူအာကုဒ်ကို စကင်န်ဖတ်ပါ။**




# အထွေထွေစွန့်ပစ်အမှိုက်

## နှစ်ပတ်တစ်ကြိမ်ဝန်ဆောင်မှု

**ပြန်သုံး၍မရသော သို့မဟုတ် စွန့်ပစ်ပြန်သုံး၍မရသော ပစ္စည်းများအတွက် ဤအမှိုက်ပုံးကို သုံးပါ။ ဤအမှိုက်ပုံးတွင် အစားအသောက် စွန့်ပစ်အမှိုက်များ မထည့်ရတော့ပါ။**

### လက်ခံသည့် ပစ္စည်းများ

ဤသည်မှာ စာရင်းအပြည့်အစုံ မဟုတ်ပါ။

- မှန်ထည်ပစ္စည်းအကွဲများ၊ ပန်းကန်ခွက်ယောက်အကွဲများနှင့် မှန်အကွဲများ
- ကလေးသေးခံများနှင့် အီးသုတ် အဝတ်စိုများ
- ပြုပြင်၍မရသော သို့မဟုတ် လှူဒါန်း၍မရသော အဝတ်အစားဟောင်းများ၊ ဖိနပ်ဟောင်းများ သို့မဟုတ် အထည်အလိပ်ဟောင်းများ
- ဘူးအဖုံးလွတ်များနှင့် ပုလင်းအဖုံးလွတ်များ၊ မှုတ်တံများ၊ ဖြန်းဆေးများ၊ အစက်ချတံများ



### လက်မခံပါ

အီလက်ထရွန်းနစ် စွန့်ပစ်ပစ္စည်းများနှင့် ဘက်ထရီများ၊ အစားအစာနှင့် ဥယျာဉ် စွန့်ပစ်ပစ္စည်းများ၊ အိမ်သုံး ဓာတုပစ္စည်းများ၊ စွန့်ပစ်ပြန်သုံးနိုင်သောပစ္စည်းများ၊ မြေကြီး၊ ဆောက်လုပ်ရေးပစ္စည်းများ သို့မဟုတ် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ။

**လက်ခံသည့် ပစ္စည်းစာရင်း အပြည့်အစုံအတွက် ကျူအာကုဒ်ကို စကင်န်ဖတ်ပါ။**

